ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# **လူထုဗဟိုပြုစီမံကိန်း**(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

**ကြံခင်းမြို့နယ်**

**၂၀၁၈ခုနှစ်** **ချင်းမြောင်ကျေးရွာအုပ်စု၊ဘုရားနီတောင်ကျေးရွာ**

**မာတိကာ**

၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါ ဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၂။အစည်းအဝေးမှတ်တမ်းများ

၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ရခိုင် ပြည်နယ်
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီ မြစ်
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့နယ်
ညွှန်းပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ကျေးရွာမြေပုံ(တည်နေရာ)




ဘုရားနီတောင်ကျေးရွာပြမြေပုံ

**၃။ အုပ်စုတွင် ပါဝင်သော ကျေးရွာများ စာရင်း**

ချင်းမြောင်ကျေးရွာအုပ်စုတွင်

၁။ကြိုးကြာတန်း

၂။ချင်းမြောင်

၃။သဲဖြူရွာသစ်

၄။ကြို့ကုန်း

**၅။ဘုရားနီတောင်**

တို့ပါဝင်ပါသည်။

## ၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

ဘုရားနီတောင်ကျေးရွာသည် ရောဂတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ချင်းမြောင်ကျေးရွာ အုပ်စုအတွင်းတွင် တည်ရှိပါသည်။ အိမ်ခြေ (၉၁)ရှိပြီး၊ အမျိုးသား(၈၉)ဦး၊ အမျိုးသမီး (၄၃)ဦး တို့ နေထိုင်ကြပါသည်။

ဘုရားနီတောင်ကျေးရွာသည် ကြံခင်း-ဘက်ရဲ လမ်းမကြီး၏ မြောက်ဘက် ဘေးတွင် တည်ရှိသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ဘုရားနီတောင် ကျေးရွာသည် ဟိုးရခင်က ယခုတည်ရှိသော နေရာတွင် မရှိပါ။ ကျေးရွာ၏ အရှေ့ဘက်တွင် တည်ရှိပါသည်။ ၁၉၇၁ခုနှစ်တွင် ကြံခင်း-ဘိလပ်မြေစက်ရုံ စီမံကိန်းစတင်ရာ ဘိလပ်မြေ ရထားလမ်းနှင့် မလွတ်သောကြောင့် ရွှေ့ပြောင်းခဲ့ရသည်။

ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကြောင်းမှာ စိုက်ပျိုးရေး လုပ်ငန်းများ အပြင် ဈေးရောင်း လုပ်ငန်းကို လုပ်ကိုင်ကြသည်။

ရွာသူရွာသား အားလုံးမှာ ဗမာလူမျိုးများဖြစ်ကြပြီး ၊ ဗုဒ္ဓဘာသာ ကို ကိုးကွယ်ကြပါသည်။ သဘာဝ ဘေးအန္တရာယ်ကျရောက်မှု ကင်းသော ကျေးရွာဖြစ်ပါသည်။

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | 23.9.17 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | 13 | 10 | 23 | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | 23.9.17 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 6 | 10 | 16 | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | 23.9.17 | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | 6 | 9 | 15 | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ (Venn Diagram) | 23.9.17 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | 10 | 8 | 18 | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | 23.9.17 | ကျေးရွာရှိအမျိုးသားနှင့် အမျိုသမီးများ | 8 | 5 | 13 | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံဖြတ်နိုင်မှု (Asset Mapping) | 23.9.17 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | 11 | 9 | 20 | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | 23.9.17 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 19 | 32 | 51 | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | 23.9.17 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 19 | 32 | 51 | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | 23.9.17 | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | 19 | 32 | 51 | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-<br>လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က)လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ



လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ

## လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ(ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း)

လူမှုအရင်းအမြစ်ပြမြေပုံပြုလုပ်ခြင်းဖြင့် ကျေးရွာ၏ လူမှုအရင်းအမြစ်နှင့် သဘာဂအရင်းအမြစ်များကို ကျေးရွာလူထုမှ သိမြင်လာပြီး ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များကို သိရှိလာမည်ဖြစ်သည်။

ဘုရားနီတောင်ကျေးရွာ၏ အိမ်ထောင်စု အရေအတွက်မှာ (၉၁)ဖြစ်ပြီး ၊ အမျိုးသား(၈၉)ဦး၊ အမျိုးသမီး (၄၃)ဦး ရှိပါသည်။ ကျေးရွာမှာကြံခင်း-ဘက်ရဲ လမ်းမကြီး၏ မြောက်ဘက်တွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။ ပထမနှစ်စက်ဂန်း (၂ဂ၁၆)တွင် လူထုဗဟိုပြုစီမံကိန်းမှ ရေတွင်းကုန်းပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

အခြေခံ အဆောက်အအုံများ အနေဖြင့် ဘုန်းကြီးကျောင်း၊ စေတီနှင့် ဒုတိယနှစ် စက်ဂန်း (၂ဂ၁၇) တွင်လူထုဗဟိုပြုစီမံကိန်း၏ ထောက်ပံ့မှုဖြင့် ရွာတွင်းချောင်းကျောက်ခင်းခြင်းလုပ်ငန်း တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲသည်။

ပညာရေးအနေဖြင့် ချင်းမြောင်ကျေးရွာတွင် သွားရောက်သင် ကြားရသည်။ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာန များသို့ သွားရောက် ဆေးကုသမှုခံယူကြပါသည်။

ဘုရားနီတောင်ကျေးရွာသည် လျှပ်စစ်မီး မရရှိသေးပါ။ လျှပ်စစ်မီးရရှိရန် မီးလင်းရေး အဖွဲ့ဖွဲ့ကာ ငွေများစုဆောင်းထားခြင်းတော့ရှိပါသည်။

စက်ရုံဂန်ထမ်းများနှင့် ပညာရေးဂန်ထမ်းများ ရှိသည်ကို တွေ့ရပါသည်။ ကျေးရွာလူထုအားလုံးမှာ ဗုဒ္ဓဘာသာ ၊ ဗမာလူမျိုးများ ဖြစ်ကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ခ)ရာသီခွင်ပြ ပြက္ခဒိန်




ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီခွင်ပြ ပြက္ခဒိန်( ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

ကျေးရွာတွင် လယ်၊ ကိုင်း လုပ်ကိုင်ကြသောအိမ်ခြေများလည်း ရှိပြီး အိမ်ခြေအများစုမှာ ကျပန်း လုပ်သားများလည်း ဖြစ်သည်။ ဝါဆို၊ ဝါခေါင်လများတွင် မိုးသည်းထန်းစွာရွာ၍ လယ်ယာလုပ်ငန်း များကို လုပ်ကိုင်ပြီး အသက်မွေးဝမ်းကြောင်းပြုရသည်။

လယ်၊ကိုင်းလုပ်ငန်းများနှင့် ကျပန်းလုပ်ငန်းများကို တစ်နှစ်ပတ်လုံးလုပ်ဆောင်ကြပြီး ဝင်ငွေမှာလည်း တစ်နှစ်လုံး သင့်တင့်ကြောင်း တွေ့ရပါသည်။ လုပ်အားခလည်းအမျိုးသား နှင့်အမျိုးသမီး တန်းတူရရှိကြောင်း တွေ့ရှိ ရပါသည်။သို့သော် အမျိုးသမီးအများစုမှာ အိမ်တွင်းမှုလုပ်ငန်းများနှင့် အချိန်ကုန်နေရသောကြောင့် အမျိုးသမီးတို့၏ဝင်ငွေ နည်းပါးသည်ကိုတွေ့ရသည်။


ရာသီအကူးအပြောင်း ကာလများတွင် ဖျားနာလေ့ရှိပြီး နယုန်၊ဂါဆိုလများတွင် သွေးလွန်တုတ်ကွေး ရောဂါများဖြစ်ပွားမှုရှိသည်ကိုတွေ့ရသည်။ ကျန်လများတွင် အများစုမှာ ကောင်းမွန်ကြသည်။

ပွဲတော်များ အနေဖြင့် သကြၤန်ပွဲတော်၊ ညောင်ရေသွန်းပွဲတော်၊ ဝါဆိုသင်္ကန်းကပ်ပွဲတော်၊ မီးထွန်းပွဲတော်၊ ကထိန်ပွဲတော်၊ ထမနဲပွဲတော်နှင့် အလှူပွဲများ ကျင်းပလေ့ရှိပါသည်။

တစ်နှစ်ပတ်လုံး ဝင်ငွေသင့်တင့်သောကြောင့် အစားအစာလည်း ကောင်းမွန်ကြောင်း တွေ့ရှိရသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(က)ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း**




ဥစ္စာ ဓနအဆင့် သတ်မှတ်ခြင်း

**ဥစ္စာခနေ အဆင့်သတ်မှတ်ခြင်း(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

ကျေးရွာတွင် အိမ်ခြေ(၄၃ )အိမ်ခြေရှိသည့်အနက် ချမ်းသာသောအိမ်ခြေ(၅)အိမ်၊အသင့်အတင့်အိမ်ခြေ(၉) အိမ်ခြေ၊ မပြေလည်သောအိမ်ခြေ(၁၅)အိမ်ခြေနှင့် နွမ်းပါးသော အိမ်ခြေ(၁၄)အိမ် ခြေ ရှိပါသည်။


နွမ်းပါးသောအိမ်ထောင်စုများမှာ ကျပန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ ထိုသူတို့မှာ စက်ဘီး ၊ဝါးအိမ်တို့ကိုသာ ပိုင်ဆိုင်ကြပြီး ကလေးများအား ပညာရေးဆုံးခမ်းတိုင်အောင် မထားနိုင်ကြသည်ကို တွေ့ရသည်။

ချမ်းသာသောအိမ်ထောင်စုများမှာ တိုက်အိမ်၊ဆိုင်ကယ်၊ လယ်(၄)ကေ ၊TV၊ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ကြားပေးနိုင်သည်။ ကျေးရွာ၏အိမ်ခြေအများစုမှာ နွမ်းပါးသော အိမ်ခြေများ ဖြစ်သည်ကို တွေ့ရသည်။

ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲရာတွင် နွမ်းပါးသော အုပ်စုများ၏ အခက်အခဲများ၊ လိုအပ်ချက်များနှင့် အားလပ်ချိန်ကို အလေးထား၍ ဆောင်ရွက်ခဲ့ပါသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(ဃ)ပင့်ကူအိမ်သုံးသပ်ခြင်း**




ပင့်ကူအိမ်သုံးသပ်ခြင်း ပြပုံ

## ပင့်ကူအိမ်(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)

အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်မှု တို့တွင် အားသာမှုရှိကြောင်း တွေ့ရှိရပါသည်။

အုပ်ချုပ်ရေးပိုင်းနှင့် လုံခြုံမှုယုံကြည်မှုတို့တွင် အမျိုးသားများက သာလွန်ပြီး အမျိုးသမီးများ ပါဝင်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။


ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ ပညာရေးလက်လှမ်းမှီမှုနှင့် အလုပ်ကိုင်ရှာဖွေမှုတို့တွင် အမျိုးသား၊အမျိုးသမီးကွာခြားချက်မှာ အနည်းငယ်သာရှိကြောင်းတွေ့ရသည်။


အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှု လုပ်ငန်းများဖြင့်သာ အချိန်ကုန်းမခံပဲ အခြားကဏ္ဍများတွင်လည်း ပါဝင်နိုင်စေရန် ကြိုးပမ်းသင့်ကြောင်း သုံးသပ်မိပါသည်။

အမျိုးသမီးများသည်အိမ်တွင်းမှုများတွင်သာ အချိန်ကုန်နေရပြီး လုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း ၊ဝင်ငွေရှာဖွေမှု နည်းပါးခြင်း ၊အမျိုးသမီးများ အနေဖြင့် အခြားဝင်ငွေ ရရှိနိုင်ရန်အတွက် အိမ်တွင်းမှု အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ မရှိခြင်း။ ကျေးရွာတွင် အမျိုးသမီးများ သီးသန့် အသိအညာပေး ဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက် ချပိုင်ခွင့်နှင့် လုပ်အားခများ တူညီသောအလုပ်အတွက် တူညီသောလုပ်အားခများ ကျား/မ တန်းတူပေးခြင်း၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက် လာနိုင်သည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င)အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု





အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှုပြပုံ

**အရင်းများအပေါ် ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

အမျိုးသမီးများ ပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် ပစ္စည်းများအား အမျိုးသားများနှင့် တန်းတူ ပိုင်ဆိုင်နိုင် ကြောင်းတွေ့ရှိရသည်။ အပ်ချုပ်စက် ကိုသာ အမျိုးသမီးများ အသုံးပြုကြသည်ကိုသာ တွေ့ရှိရသည်။လယ်ထွန်စက်၊ ထွန်၊ထယ်၊လှည်း ၊နွား များကိုသာ အမျိုးသားများ သီးသန့်အသုံးပြုကြသည်။ ဝါးခြံ၊လယ်၊ဝက်၊ ကိုင်းစသည့် အရင်းအမြစ် များကို အမျိုးသားများနှင့် အမျိုးသမီး များ နှစ်ဦးစလုံးအသုံးပြုကြသည်။ အမျိုးသားနှင့် အမျိုးသမီးများ အသုံးပြုသော အရင်းအမြစ် များမှာ အလွန်ပင် များပြားသည်။ အရင်းအမြစ်များ ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်များ ချရာတွင် အများအားဖြင့် အမျိုးသား များကသာ ထိန်းချုပ်ခြင်း/ဆုံးဖြတ်ချက် ချခြင်းများ ပြုလုပ်နေကြသည်။

အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအမြစ်များမှာ အလွန်ပင် နည်းပါးသည်။အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှု ရှိပေလိမ့်မည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(စ) အဖွဲ့အစည်းချိတ်ဆက်ပုံ**




အဖွဲ့အစည်းချိတ်ဆက်ပုံ

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)

ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ အရံမီးသတ်အဖွဲ့၊ လူထုဗဟိုပြု စီမံကိန်း ကော်မတီအဖွဲ့၊ အမျိုးသား၊ အမျိုးသမီးလူငယ်အဖွဲ့ ၊ မီးလင်းရေးအဖွဲ့ တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိကဦးဆောင် လျက်ရှိသည်။

ဂေါပကအဖွဲ့၊ပရိတ်သင်းအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့၊ကျေးရွာမီးသတ်၊တို့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေး ကိစ္စများကို လုပ်ဆောင်ရွက်လျက်ရှိသည်။


ကျေးရွာတွင်းအုပ်ချုပ်ရေးအဖွဲ့သည် အုပ်စု၊မြို့နယ်အုပ်ချုပ်ရေးနှင့် ချိတ်ဆက်ဆောင်ရွက် လျက်ရှိသည်။

လူထုဗဟိုပြုစီမံကိန်းကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လည်း ကောင်း၊ ကျေးရွာမီးသတ်အဖွဲ့သည် မြို့နယ်မီးသတ်နှင့်လည်းကောင်း အချင်းချင်း ချိတ်ဆက် ဆောင်ရွက်ကြသည်ကို တွေ့ရသည်။

အဖွဲ့အစည်းများရှိသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် အားနည်းကြောင်း သုံးသပ်မိပါ သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ)ကျေးရွာ၏ အခက်အခဲများနှင့် ပြဿနာများ




အခက်အခဲပြဿနာများ

**အခက်အခဲပြဿနာများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

အမျိုးသားများ၊ အမျိုးသမီးအုပ်စုများမှ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကဖြစ်သော အခက်အခဲပြဿနာများကို တင်ပြရာ အလုပ်အကိုင်ရှားပါးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းခြင်း ၊Transformer မရှိခြင်း တို့ဖြစ်ပါသည်။


အမျိုးသားအုပ်စုများ၏ အခက်အခဲများမှာ ငွေကြေးမပြည့်စုံခြင်း၊လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊နည်းပညာအားနည်းခြင်း၊ သောက်သုံးရေသန့်ရှင်းမှု အားနည်းခြင်းတို့ဖြစ်သည်ကို တင်ပြဆွေးနွေးထားသည်။

အမျိုးသမီးများမှ တင်ပြသော အခက်အခဲပြဿနာများမှာ ရွာချင်းဆက်လမ်းများ မကောင်းခြင်း ၊ ရေမြောင်းများ မရှိ၍ ရေဝပ်ခြင်း တို့ဖြစ်သည်ကို တင်ပြ ဆွေးနွေးထားသည်။

ဖော်ပြပါသော အခက်အခဲပြဿနာများမှာ ကျေးရွာဖွံ့ဖြိုးရေးကို အဓိက ဟန့်တားနှောင့်ယှက်နေသော အခက်အခဲပြဿနာများ ဖြစ်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဇ)ကျေးရွာ၏ မျှော်မှန်းချက်များ




မျှော်မှန်းချက်များ ပြပုံ

**ကျေးရွာမျှော်မှန်းချက်များ(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**


အမျိုးသမီးအုပ်စုများမှ တင်ပြသော မျှော်မှန်းချက်များမှာ သောက်သုံးရေတစ်ရွာလုံး ရရှိရန်၊ ကျေးရွာဈေးရရှိရန်၊ ရေပေးဝေရေး၊ ရေတွင်းအမိုးမိုးရန်၊ ကျေးရွာအစည်းအဝေးခန်းမ၊ ပညာရေး အထောက်အပံ့ရရှိရန်၊ တစ်ရွာလုံးမီးလင်းရန်တို့ကို ဆွေးနွေးသုံးသပ်ထားသည်။

အမျိုးသား၊ အုပ်စုများ၏ တူညီသော မျှော်မှန်ချက်များမှာ တစ်ရွာလုံး လျှပ်စစ်မီး ရရှိရန်၊ သောက်သုံးရေလုံလောက်စွာရရှိရန်၊ ကျေးရွာဈေးရရှိရန်၊ အစည်းအဝေးခန်းမရရှိရန်၊ရေတွင်းအမိုး မိုးရန်၊ အိမ်တိုင်ရာရောက်ရေဖြန့်ဖြူးရရှိရန် မျှော်မှန်းပါသည်။

အထက်ပါ မျှော်မှန်းချက်များမှာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျသော မျှော်မှန်းချက် များ ဖြစ်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဈ)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ




ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပြပုံ


**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

အမျိုးသား၊အမျိုးသမီးတို့၏ တူညီသော ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ရေစင်၊ရေစက်ရုံ၊ ရေပိုက်၊ အစည်းအဝေးခန်းမ၊ ရေတွင်း(၂)တွင်း အမိုးမိုးခြင်းနှင့် အခင်းခင်းခြင်းတို့ကို ဆွေးနွေးထားသည်။

အမျိုးသားများမှ အုတ်ရေမြောင်းဆောက်လုပ်ရန် ဆွေးနွေးထားပါသည်။

အမျိုးသမီးများမှ ကျေးရွာဆေးပေးခန်း ရရှိရန် ဆွေးနွေးထားပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်သတ်မှတ်ခြင်း**




ဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်သတ်မှတ်ခြင်း

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



# ကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု။ ။ ချင်းရွှေဟော်　　　　ကျေးရွာ။ ။ ဘုရားနီတောင်

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။ ၂၃.၉.၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးအေးထွန်း | ၀၉-၄၀၁၁၂၀၅၂ | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်အေးမှင်း | ၀၉-၂၅၀၅၇၉၀၅ | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးဆိုင်ထွန်း | | |
| ၄ | | အဖွဲ့ဝင် | ဒေါ်ဖော့ထင်း | | |
| ၅ | | အဖွဲ့ဝင် | ဦးအဘာဘာ | | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ရီဝင်း | | |
| ၇ | | အဖွဲ့ဝင် | ဦးမြင့်ရွှေ | | |
| ၈ | | အဖွဲ့ဝင် | | | |
| ၉ | လည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ဘွတ္တမြင့် | | |
| ၁၀ | | အဖွဲ့ဝင် | ဦးတင်ဦး | | |
| ၁၁ | | အဖွဲ့ဝင် | | | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်ခြပါထက်ညွှန့် | | |
| ၁၃ | အကြံပြုတိုင်ကြားဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးဘိုကာအေး | | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ခင်လှ | | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးစော်မိုးအောင် | | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်သူဇာအောင် | | |

<u>တာဝန်ကျဝန်ထမ်းများ</u>

- လူထုစည်းရုံးရေးမှူး　ဒေါ်ခင်မြတ်မွန်
- လက်ထောက်နည်းပညာမှူး　ဒေါ်ခင်ဥမ်းဆွေ

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦး စောဘာ | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ခင်မြတ်မွန် |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် - ကြာခင် | ကျေးရွာအုပ်စု ချင်းမြောင် | ကျေးရွာ ဘုရားနီတောင် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၄၃ | ဘာသာ (၁) ဗုဒ္ဓ | ၄၃ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | — | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | – | | |
| စစ်ဘေးရှောင် | – | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၉၁ | ၈၉ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၃၉ | ၄ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☑ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် မူကြိုဆရာမ ([illegible]) | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ချောင်း၊ ကျောက်ခင်း၊ မြေသားလမ်း |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၇ /မသိပါ [illegible]

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၄င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ ၄ ကောင်းလုံး

(၂) ဤကျေးရွာမှ ၄င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၅ မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် ၃၀ မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဧ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
လူထုဝပ်ပိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ......ဆီးသင်းရေးကော်မတီ
(၂) ......ရေပေးဝေအဖွဲ့......

ကျေးရွာခေါင်းဆောင် အမည် ဦးစောသာ

လက်မှတ် နေ့စွဲ 23-9-17

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ခင်မြတ်မွန်

လက်မှတ် နေ့စွဲ 23.9.17

## ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်စေစေမြတ်မွန် | | | |
| နေ့စွဲ ၂၃ . ၉ .၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း မကွေး | မြို့နယ် ကံမ | ကျေးရွာအုပ်စု ချင်းမြောင် | ကျေးရွာ သရက်ကန်ကော |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၃.၉.၁၇ | ၂၃.၉.၁၇ | ၁၅ | ၁၈ | ၃၃ | ၃၃ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၃.၉.၁၇ | ၂၃.၉.၁၇ | ၁၅ | ၁၈ | ၃၃ | ၃၃ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၁.၁၁.၁၇ | ၂၁.၁၁.၁၇ | ၁၀ | ၈ | ၁၈ | ၁၈ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖေါ်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဖြူမြတ်မွန် | |
| နေ့စွဲ ၂၃.၉.၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း ကျေးရွာအုပ်စု ချောင်းမြောင်း ကျေးရွာ ဘုရားနီတော |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ငွေကြေးရှားပါးခြင်း | ၁ | ရွာချင်းဆက်လမ်းများ မကောင်းခြင်း |
| ၂ | အလုပ်အကိုင်ရှားပါးခြင်း | ၂ | ရွာတွင်း ရေမြောင်း မရှိ၍ အိမ်ခြံမြေ၊ အိမ်များတွင် ရေဝပ်ခြင်း |
| ၃ | လမ်းဆက်သွယ်ရေးမကောင်းခြင်း | ၃ | အလုပ်အကိုင် ရှားပါးခြင်း။ |
| ၄ | စနစ်တကျလယ်ထိုးဖောက်ရန် နည်းပညာအားနည်း | ၄ | ရေတွင်းများ အဝီစီ မရှိ၍ သောက်သုံးရေ သန့်ရှင်းမှု အားနည်း |
| ၅ | လျှပ်စစ်မီး ရရှိရန် Transformer မရှိခြင်း | ၅ | ကျန်းမာရေး စောင့်ရှောက်မှု အားနည်းခြင်း |
| ၆ | ကျန်းမာရေး စောင့်ရှောက်မှု အားနည်းခြင်း | ၆ | လျှပ်စစ်မီး ရရှိရန် Transformer မရှိခြင်း |
| ၇ | ရေတွင်း အဝီစီ မရှိ၍ သောက်သုံးရေ သန့်ရှင်းမှု မရှိခြင်း | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | သောက်သုံးရေ တစ်ရွာလုံး ရရှိရန် | ၁ | သောက်သုံးရေ တစ်ရွာလုံး ရရှိရန် |
| ၂ | ကျေးရွာအစည်းအဝေး ခန်းမ ရှိချင်သည်။ | ၂ | ကျေးရွာ အစည်းအဝေး ခန်းမ ရှိချင်သည်။ |
| ၃ | တစ်ရွာမီးလင်းရန် မျှော်မှန်း | ၃ | ရေတွင်း အဝီစီ များ ဖော်ရန်။ |
| ၄ | ကျေးရွာ ဈေး ရှိချင်သည်။ | ၄ | ပညာရေး၊ အထက်တန်းကျောင်းများ ရှိချင် |
| ၅ | ရွာချင်းဆက်လမ်းများ ကောင်းမွန်ရန် | ၅ | အိမ်တိုင်း ရေပေးဝေရေး စနစ် ကိုရရှိချင်သည်။ |
| ၆ | အိမ်တိုင်းအရောက်ရေကြောင်းနှင့် မြောင်းရေးစနစ် ရရှိရန် | ၆ | တစ်ရွာလုံး မီးလင်းရေး |
| ၇ | ရေတွင်းများ အဝီစီ ဖော်ရန်. | ၇ | ကျေးရွာဈေး ရရှိရန်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ဒုတ်ရေမြောင်း | အမျိုးသား/ အမျိုးသမီး | ၇၇ သိန်း | ၁၀၀ဦး |
| ၂ | ရေစစ်၊ရေစက်ရဲ့ ရေပိုက် | အမျိုးသား/ အမျိုးသမီး | ၇၀ သိန်း | ၁၀၀ဦး |
| ၃ | အစည်းအဝေးခန်းမ | အမျိုးသား/ အမျိုးသမီး | ၆၈ သိန်း | ၁၀၀ဦး |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လျှပ်စစ်မီး | အမျိုးသား၊ အမျိုးသမီး | |
| ၂ | တစ်ပိုင်တစ်နိုင် မွေးမြူရေး | အမျိုးသား၊ အမျိုးသမီး | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးအေးထွန်း ............ လက်မှတ် [signature] ............ နေ့စွဲ 23.7.17

ဒေါ်အေးအေးဖေ [signature]

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၁)

## ပုံစံ - ဇ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ဖြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ဖြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ခင်ခွန်းစန္ဒာ၊ ဒေါ်ခင်မြတ်မွန် |
| နေ့စွဲ ၂၀.၉.၂၀၁၇ / စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| မြို့နယ်/တိုင်း ဧရာဝတီ / မြို့နယ် ကြံခင်း / ကျေးရွာအုပ်စု ချင်းမြောင် |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ချင်းမြောင် | ဘက်စုံသုံးခန်းမ | ၄၀'×၂၀'×၁၀' | ၄၄၅ ဦး | ☐ ကျား ☐ မ ☑ ကျား+မ | ၈၅ သိန်း | | | | ၈၅ သိန်း |
| ကြို့ကုန်း | ဘက်စုံသုံးခန်းမ | ၃၀'×၂၀'×၁၀' | ၁၁၃ ဦး | ☐ ကျား ☐ မ ☑ ကျား+မ | ၆၈ သိန်း | | | | ၆၈ သိန်း |
| ကြိုင်ကြာတန်း | ဆက်ရေတွင်း ရေကန် ရေစက်ဂူ | ၂"Φ ၅၀' (၁၀'×၈'×၆') (၆'×၅'×၅') | ၂၃၀ ဦး | ☐ ကျား ☐ မ ☑ ကျား+မ | ၃၅ သိန်း | | | | ၃၅ သိန်း |
| သဲဖြူရွာသစ် | Transformer - ၁၃'×၁၂'×၅' ခြံစည်းရိုးကာ ခြင်းနှင့်ဘတ်ဘောက်စ် - ၅၀'×၅'-၀ | | ၅၆ ဦး | ☐ ကျား ☐ မ ☑ ကျား+မ | ၂၂ သိန်း | | | | ၂၂ သိန်း |
| | ကျွန်ကျောင်းခြင်း ×၆'! | | | ☐ ကျား ☐ မ ☐ ကျား+မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ်/ရက်စွဲ

ဦးစန်းလှိုင် [signature] ၂၀.၉.၂၀၁၇

ဒေါ်သင်းအေး [signature]

# အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ ချင်းမြောင်အုပ်စု၊ဘုရားနီတောင်ကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

ဘုရားနီတောင်ကျေးရွာတွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၂၃.၉.၂၀၁၇)နေ့လည် (၁၂း၀၀) နာရီ တွင် စတင်၍ ကျေးရွာရပ်မိရပ်ဖ တစ်ဦးမှ အဖွင့်အမှာစကားပြောကြားခြင်း။

-ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

-ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

-ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

-စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

-စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

-ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

-ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

-ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

-စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

-လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေး ဖော် ထုတ်နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့်အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင်အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော် ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအားပိတ်သိမ်းခဲ့ သည်။

*********************************************

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

<u>ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ</u>

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ဖြစ်ပေါ်မှုဆောင်ရွက်ပုံအသေး |
|---|---|---|---|---|---|---|
| [illegible] | | အစည်းအဝေးခန်းမ | ကျား/မ | . | ကျေးရွာလူထု | ၄၀၀ |
| | | ရေစစ်၊ ရေစက်ကုံ၊ ရေပိုက် | ကျား | ၂၀၁၉ | [illegible] | |
| | | ရေတွင်း (၂) တွင်း အသစ်/ အဝီး | မ | | | |
| | | | | | | |
| [illegible] | | ငွေချေးလုပ်ငန်း | ကျား/မ | | | ကျေးလက်ဦးစီး |
| | | တစ်ပိုင်အသေးစားစီးပွားဖြစ် | မ | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| [illegible] | | ဆေးပေးခန်း | ကျား/မ | | | ကျန်းမာရေးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| [illegible] | | လျှပ်စစ်မီး | ကျား/မ | | ကျေးရွာလူထု | ၉၀၄ |
| | | အသွက်ရေစပြောင်း | ကျား/မ | - | | ၄၀၀ |
| | | | | | | |
| | | | | | | |
| | | | | | | |